## ဂျပန်လူမျိုး၏နိုင်ငံခြားသား အိမ်ထောင်ဖက်အတွက် ကာလတို ဗီဇာ ( အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာ အပါအဝင်)

### ၁. လျှောက်ထားနိုင်သူများ

ဂျပန်နိုင်ငံပြင်ပတွင် တရားဝင်ကာလရှည်နေထိုင်လျက်ရှိသော သို့မဟုတ် အလုပ်အကိုင်ဖြင့် ကာလရှည်နေထိုင်လျက်ရှိသော ဂျပန်လူမျိုးနှင့် ဥပဒေနှင့်အညီ လက်ထက်ထားသော နိုင်ငံခြားသားအိမ်ထောင်ဖက်

● **တစ်ကြိမ်ဝင်ဗီဇာ၊ နှစ်ကြိမ်ဝင်ဗီဇာ**

□ အခြေခံအားဖြင့် ဂျပန်လူမျိုးနှင့် အတူနေထိုင်လျက်ရှိသူဖြစ်ရမည်။

- **အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာ**

□ ဂျပန်လူမျိုးနှင့် လက်ရှိတွင်အတူနေထိုင်လျက်ရှိသူဖြစ်ရမည်။

□ ဂျပန်နိုင်ငံသို့ ပြည်ဝင်ပြည်ထွက် တစ်ကြိမ်အထက်လုပ်ဖူးကြောင်းအတည်ပြုနိုင်ရမည်။

□ အိမ်ထောင်သက်တမ်းတစ်နှစ်ကျော်ဖြစ်ရမည်။

မြန်မာနိုင်ငံတွင် တရားဝင် ကာလရှည်နေထိုင်လျက်ရှိသော သို့မဟုတ် အလုပ်အကိုင်ဖြင့် ကာလရှည်နေထိုင်လျက်ရှိသော ဂျပန်လူမျိုး၏ အထူးမွေးစားကလေး (ရိုးရိုးမွေးစားကလေး မပါ မပါဝင်) သို့မဟုတ် ထိုဂျပန်လူမျိုး၏ ကလေးအဖြစ်မွေးဖွားလာသူများသည်လည်း အဆိုပါဗီဇာလျှောက်ထားမှုတွင် အကျုံးဝင်ပါသည်။ အသေးစိတ်သိရှိလိုပါက ကောင်စစ်ဝန်ရုံးသို့လာရောက်၍ဖြစ်စေ ဖုန်း(သို့မဟုတ်)အီးမေးလ်ဖြင့်ဖြစ်စေ မေးမြန်းနိုင်ပါသည်။

| **Notes** |
|---|
| အောက်ပါ Checklist နံပါတ်စဉ်အလိုက် စာရွက်စာတမ်းများကို အစဉ်အတိုင်း စီပါ။ |
| စာရွက်စာတမ်းအားလုံးကို A4 အရွယ်အစားဖြင့် မိတ္တူကူးထားပါ။ |
| လျှောက်ထားမည့်သူတစ်ဦးချင်းစီအတွက်လိုအပ်သောစာရွက်စာတမ်းများကိုပြင်ဆင်ရပါမည်။မိသားစုဖြင့်လျှောက်မည်ဆိုပါကလည်း မိသားစုဝင်တစ်ဦးစီအတွက်ပြင်ဆင်ရန်လိုအပ်ပါသည်။စာရွက်စာတမ်းများကို စတာပလာများချုပ်ထားခြင်းပင်များတွဲထားခြင်းမပြုလုပ်ဘဲတစ်ရွက်ချင်းစီသာယူလာပါ။ |
| လိုအပ်ချက်အရ ဖော်ပြထားသော စာရွက်စာတမ်းများ၏ မိတ္တူများကို တင်သွင်းပါ၊ တင်သွင်းထားသော စာရွက်စာတမ်းများကို ပြန်လည်ပေးအပ်မည်မဟုတ်ပါ။ |
| စာရွက်စာတမ်းအားလုံးသည် ထုတ်ပေးသည့်ရက်စွဲမှ ၃လအတွင်း ဖြစ်ရမည်။ လျှောက်လွှာလျှောက်ထားသည့်နေ့မှ သုံးလအကြာထက် ထုတ်ထားသော စာရွက်စာတမ်းများကို လက်ခံမည်မဟုတ်ပါ။ |
| မြန်မာဘာသာဖြင့်ရေးထားသော စာရွက်စာတမ်းအားလုံးကို မူရင်းနှင့်ဘာသာပြန် (ဂျပန်သို့မဟုတ် အင်္ဂလိပ်) နှင့် မိတ္တူတစ်စောင်စီတွဲ၍တင်ပါ။ |
| အထူးတလည်ဖော်ပြထားခြင်းမရှိသော စာရွက်စာတမ်းများသည် မူရင်း(တစ်စုံ) တင်ပြရမည်။ |

| စဉ် | လိုအပ်သောစာရွက်စာတမ်း | အသေးစိတ် | အမှန်ခြစ်ရန် | |
|---|---|---|---|---|
| | | | မူရင်း | မိတ္တူ |
| ၁ | နိုင်ငံကူးလက်မှတ် | ဗီဇာစာမျက်နှာ အလွတ် အနည်းဆုံး ၂ရွက်ကျန်ရမည်။ | □ | |
| ၂ | ဗီဇာလျှောက်လွှာပုံစံ | ဗီဇာလျှောက်လွှာ တွင် ပါရှိသော အချက်အလက်များအား စုံလင်စွာဖြည့်ပြီး မူရင်းလက်မှတ် ထိုးပေးရမည်။ | □ | |
| ၃ | ဓာတ်ပုံ | (၄၅မီလီမီတာ x ၄၅မီလီမီတာ သို့မဟုတ် ၄၅မီလီမီတာ x ၃၅မီလီမီတာ) ၆လအတွင်းရိုက်ကူးထားသောပုံ | □ | |
| ၄ | လက်ရှိ နေထိုင်ကြောင်းပြသော စာရွက်စာတမ်းများ | အတူတူနေထိုင်လျက်ရှိသည်ကို အတည်ပြုနိုင်မည့် စာရွက်စာတမ်း ဥပမာ - ရပ်ကွက်ထောက်ခံစာ၊ Form C ၊ နိုင်ငံခြားသားမှတ်ပုံတင် စသည် | □ | □ |
| ၅ | လေယာဉ်လက်မှတ် | အသွားအပြန်လေယာဉ်လက်မှတ် ကြိုတင်မှာထားကြောင်းအထောက်အထား (Multiple Visaအတွက် မလိုအပ်ပါ) | | □ |

| | | | | |
|---|---|---|---|---|
| ၆ | နေထိုင်သွားလာမည့် အစီအစဉ် | ရက်စွဲ၊ ပြုလုပ်လည်ပတ်မည့် အစီစဉ်၊ နေထိုင်မည့်နေရာ၊ ဆက်သွယ်ရန်အချက်အလက် (Multiple Visaအတွက် မလိုအပ်ပါ) | □ | |
| **လျှောက်ထားသူသည် အကြိမ်ကြိမ်ဝင်ဗီဇာအတွက် လျှောက်ထားလိုပါက** | | | | |
| ၇ | ရှင်းလင်းဖော်ပြချက်စာ | လျှောက်ထားသူသည် အကြိမ်ကြိမ်ဝင်ဗီဇာအတွက် လျှောက်ထားလိုပါက | □ | |
| ၈ | ယခင် ၃ နှစ်အတွင်း ဂျပန်နိုင်ငံသို့ ကာလတိုခရီးသွားခဲ့ကြောင်း အတည်ပြုနိုင်သော စာရွက်စာတမ်းများ | လိုအပ်ပါက အဟောင်းနိုင်ငံကူးလက်မှတ် | □ | □ |
| **လျှောက်ထားသူသည် နှစ်ကြိမ်ဝင်ဗီဇာအတွက် လျှောက်ထားလိုပါက** | | | | |
| ၉ | အချိန်ဇယားကို အတည်ပြုနိုင်သော မည်သည့်စာရွက်စာတမ်းမဆို | | □ | □ |
| **ဂျပန်အိမ်ထောင်ဖက် ပြင်ဆင်ရမည့်စာရွက်စာတမ်းများ** | | | | |
| ၁၀ | ဂျပန်နိုင်ငံကူးလက်မှတ် (မိတ္တူ) | | □ | □ |
| ၁၁ | KOSEKI TOHON (ထုတ်ပေးသည့်ရက်မှ ၃ လအတွင်း) | ဂျပန်နိုင်ငံရှိ သန်းခေါင်စာရင်း | | □ |
| ၁၂ | ဂျပန်လူမျိုးသည် မြန်မာနိုင်ငံတွင် တရားဝင် ကာလရှည်နေထိုင်ခြင်း သို့မဟုတ် အလုပ်လုပ်ခြင်းကို အတည်ပြုနိုင်သော စာရွက်စာတမ်း | e.g.နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်, ဖောင် C, etc. | □ | □ |
| **အဓိကထောက်ပံ့သူ (လျှောက်ထားသူ သို့မဟုတ် ဂျပန်အိမ်ထောင်ဖက်) ပြင်ဆင်ရမည့်စာရွက်စာတမ်းများ** | | | | |
| ၁၃ | အလုပ်အကိုင်ထောက်ခံစာ | | □ | |
| ၁၄ | ဝင်ငွေအထောက်အထားပြ စာရွက်စာတမ်း သို့မဟုတ် ဘဏ်စာအုပ် | | □ | □ |

☐ ကျွန်တော်/ကျွန်မသည် အထက်တွင် ဖော်ပြထားသော အထောက်အထားစာရွက်များအားလုံးကို တင်ပြပြီးကြောင်း အတည်ပြုပါသည်။ မမှန်ကန်သော အထောက်အထားများ (သို့မဟုတ်) အချက်အလက်များကို ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ပေါ့စမှုကြောင့်ဖြစ်စေ တင်ပြပါက ဗီဇာရရှိရန် ငြင်းပယ်ခံရနိုင်ကြောင်း သိရှိပါသည်။ ဗီဇာထုတ်ပေးခြင်းနှင့် ဗီဇာအတည်ပြုခြင်း အခြေအနေများသည် မြန်မာနိုင်ငံရှိ ဂျပန်သံရုံး၏ ဆုံးဖြတ်ချက်အပေါ် မူတည်ပါသည်။

☐ ကျွန်တော်/ကျွန်မသည် ဗီဇာစစ်ဆေးမှု ပြီးဆုံးပြီးနောက် အထက်တွင် တင်ပြထားသော အထောက်အထားစာရွက်များ ( နိုင်ငံကူးလက်မှတ်မပါ ) ပြန်လည်မရရှိနိုင်ကြောင်း နားလည်ထားပါသည်။

☐ ကျွန်တော်/ကျွန်မသည် အထက်ပါ စာရင်းအရ အထောက်အထားများအားလုံး တင်ပြထားသော်လည်း စာရင်းတွင် မပါဝင်သော အထောက်အထားများကို ဂျပန်သံရုံးမှ ထပ်မံတောင်းခံနိုင်ကြောင်းနှင့် အင်တာဗျူး ပြုလုပ်ရန် လိုအပ်နိုင်ကြောင်း နားလည်ထားပါသည်။

☐ ဗီဇာအတည်ပြုချက်မရရှိပါက ပေးဆောင်ထားသော ဗီဇာကြေးကိုသာ VFS Global မှ ပြန်လည်ပေးအပ်မည်ဖြစ်ပြီး VFS ၏ ဝန်ဆောင်မှုနှင့် အပိုဝန်ဆောင်မှုကြေးများကို ပြန်လည်မအမ်းပေးပါ။ VFS ၏ ဝန်ဆောင်မှုများကို အသုံးပြုခြင်းဖြင့် လျှောက်ထားသူများသည် ဤမူဝါဒကို နားလည်ပြီး သဘောတူကြောင်း အတည်ပြုပါသည်။

နေ့စွဲ ______ / ______ / ______

လျှောက်ထားသူလက်မှတ် ____________________

VFS ဝန်ထမ်း လက်မှတ် ____________________